**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (065/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၆၅/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံ (ASEAN) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပြီဟု မြန်မာအစိုးရမှ အာဆီယံအတွင်းရေးမှူးအဖွဲ့ထံ စာဖြင့်တရားဝင် အကြောင်းကြားခဲ့ ကြောင်း ဧပြီ ၁၈ ရက်နေ့ ထိုင်းနိုင်ငံထုတ် The Nation သတင်းစာတွင် အာဆီယံရေးရာကျွမ်းကျင်သူ ထိုင်းသတင်းစာဆရာကဗိ ချွန်ကစ်တာဝန် (Kavi Chongkittavorn) က ဆောင်းပါးရှည်ကြီးတစောင် ရေးသားဖော်ပြ လိုက်သည်။ (VOA 180411) Read More...
- ဦးတည်ချက် (၁၂)ရပ်ဖြစ်သော နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်နှင့် လူမှုရေးဦးတည်ချက် (၄)ရပ်တို့ထဲမှ ပြင်ဆင်ချက်အဖြစ် နိုင်ငံရေးဦးတည်ချက်မှ (၃)ရပ်၊ စီးပွားရေးဦးတည်ချက်မှ (၁)ရပ်၊ လူမှုရေး ဦးတည်ချက်မှ (၁)ရပ်တို့ကို ပြင်ဆင်ပြောင်းလဲလိုက်သည်ဟု ဧပြီ ၁၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ (EMG 190411) Read More..., VOA...
- ကယားပြည်နယ် အစိုးရ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးတောရယ်က ဒီမောဆိုမြို့ရှိ ထရန်စဖော်မာ (transformer) တစ်လုံးကို ဖြုတ်ယူပြီး ပုဂ္ဂိုလ်ရေးအတွက် သုံးစွဲခဲ့ကြောင်း ဒေသခံများက ပြောသည်။ (KT 180411) Read More...
- ပဲခူးတိုင်း မင်းလှမြို့နယ် ညောင်သုံးပင်ကျေးရွာတွင် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ နှင့် ခင်ပွန်းရွာအုပ်ချုပ်ရေးမှူးသည် ရွာရှိအမျိုးသမီးငယ်များကို အကျိုးအကြောင်းမရှင်းပြပဲ ဓာတ်ပုံရိုက်ယူကာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအဖြစ် မလိမ့်တပတ်ဖြင့် ထည့်သွင်းခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 190411) Read More...
- တရားမဝင် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်မှု မပြုကြရန် တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၃၇ ခုကို အစိုးရသစ်၏ ရွေးကောက်ပွဲ ကော်မရှင်က ဧပြီ ၅ ရက်နေ့စွဲဖြင့် အကြောင်းကြားစာပေးပို့ သတိပေးလိုက်ကြောင်း ဒီမိုကရက်တစ် ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (Irrawaddy 190411) Read More..., DVB..., VOA...
- သမ္မတ ဦးသိန်းစိန်က တောင်သူလယ်သမား အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများအစဉ် ခေတ်မီပြည့်စုံရန် ပြဋ္ဌာန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း မြန်မာနိုင်ငံတဝန်း၌ အဓမ္မမြေယာသိမ်းမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေဆဲ ဖြစ်သည်။ (Irrawaddy 210411) Read More...

- ရှမ်းပြည်နယ်အစိုးရ ရှိလာပြီးနောက် မန္တလေး–မူဆယ် လမ်းတလျှောက် စစ်ဆေးရေး ဂိတ်များ ထားရှိမှုနှင့် နွေစပါး စိုက်ပျိုးရေး စီမံချက် စသည်တို့ကို ဧပြီ လဆန်းမှစ၍ ပယ်ဖျက်ခဲ့သည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP က ဆိုသည်။ (Mizzima 210411) Read More...
- စစ်တပ် ကျောထောက်နောက်ခံပြု မြန်မာအစိုးရက ပြည်သူများ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်း အချက်အလက် ဖလှယ်ခြင်းကို ဟန့်တားရန်အတွက် တင်းကျပ်လွန်းသော အင်တာနက် ဆင်ဆာဖြတ်တောက်ရေး အစီအမံများကို ချမှတ်ပြဋ္ဌာန်းခဲ့သည်။ (Mizzima 210411) Read More...
- ဧပြီလ ၁၀ ရက်နေ့က ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းသည် ကျေးရွာပြည်သူ များကို သွားရောက်တွေ့ဆုံမည့် ခရီးစဉ်အတွက် အကြောင်းကြားရာ မြေပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက တားမြစ်လိုက်ကြောင်း ဦးဖေသန်းက ပြောသည်။ (DVB 210411) Read More...
- ကျေးရွာ အုပ်ချုပ်ရေးမှူးသစ် ရွေးချယ်ရန် မွန်ပြည်နယ်အစိုးရက နိုင်ငံရေးပါတီများထံမှ အုပ်ချုပ်ရေးမှူးလောင်းစာရင်း တောင်းခံနေသော်လည်း တရားနည်းလမ်း မကျသည့် ဆောင်ရွက်မှုများရှိနေကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီ ဗဟိုကော်မတီဝင် နိုင်မွန်ချမ်းက ပြောသည်။ (IMNA 210411) Read More...
- အစိုးရရုံးအသီးသီးတွင် ချိတ်ဆွဲထားသည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဓါတ်ပုံများကို ဖြုတ်ချရန် သကြင်္ဘန်မတိုင်မီမှ စတင်ကာ ညွှန်ကြားချက်များ ပေးပို့ထားသဖြင့် ယခုအခါ ရန်ကုန်ရုံးများတွင် စတင်ဖြုတ်ချနေသည်ဟု ဌာနဆိုင်ရာများ နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (BBC 220411) Read More...
- နိုင်ငံတော်သမ္မတရုံးတွင် ကျင်းပခဲ့သော ဧပြီ ၆ ရက်နေ့အခမ်းအနားတွင် သမ္မတဦးသိန်းစိန်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေ ရောင်းချသည့် လုပ်ငန်းတွင် ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဖော်ဆောင်ပေး မည်ဖြစ်ပြီး နောက်ကွယ်မှ နိုင်ငံခြားသားများနှင့် ငွေမည်းများဝင်မလာနိုင်ရန်အတွက် ဂရုစိုက်ရမည်ဟု ပြောကြားခဲ့ ကြောင်း တရားဝင်ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ (EMG 200411) Read More...

## ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်

- ရွေးကောက်ပွဲကာလအတွင်း ပြဿနာများနှင့်ပတ်သက်၍ ကြံ့ဖွံ့ပါတီကိုယ်စားလှယ်လောင်းများနှင့် အခြားပါတီ ကိုယ်စားလှယ် လောင်းများအကြား အပြန်အလှန်တိုင်ကြားထားသည့်အမှုများကို ဧပြီလကုန်ပိုင်းမှစ၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်တွင် စစ်ဆေးမှုများကို ပြန်လည်ပြုလုပ်သွားမည်ဖြစ်သည်။ (DVB 210411) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- တပ်မတော် ကြည်း၊ ရေ၊ လေ တပ်များပါဝင်သည့် မျိုးချစ်တပ်မတော် ကွန်ယက်တစ်ခုကို ယခုရက်ပိုင်းအတွင်း ရန်ကုန် တိုင်းနှင့်ဧရာဝတီတိုင်းအကြား နေရာတစ်ခုရှိ စက်လှေတစ်စီးပေါ်တွင် ဖွဲ့စည်းလိုက်ပြီး ၄င်းကွန်ယက်တွင် ဟိုင်းကြီး ကျွန်း ရေတပ်စခန်း၊ မှော်ဘီ ၅၀၁ လေတပ်စခန်း၊ မိတ္ထီလာလေကြောင်း အတတ်သင်ကျောင်း၊ တပ်မ ၇၇ လက် အောက်ခံ ခလရ ၆ ၊ ခမရ ၇ နှင့် ၈ တို့အပြင် ပင်မ စစ်လက်နက် ခဲယမ်းမီးကျောက် သိုလှောင်ရေးတပ်၊ ပင်မလျှပ်စစ်အင်ဂျင်နီယာ တပ်နှင့် အင်းမတပ်တို့ ပါဝင်သည်ဟု ရဲမွန် ခလရ ၂၁၄ မှ တပ်ကြပ်ကြီးတစ်ဦးက ပြောသည်။ (BBC 180411) Read More...
- နိုင်ငံရေး မတည်ငြိမ်မှုကို အကြောင်းပြုပြီး အာဖရိကနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများ၌ အနောက်အုပ်စုက စစ်ရေးအရ ဝင်ရောက် စွက်ဖက်နေမှုနှင့် ပတ်သက်၍ မျက်ခြည်မပြတ် စောင့်ကြည့်ပြီး သတိရှိစေရန် စစ်တပ်အတွင်း ညွှန်ကြားချက် ထုတ်ပြန်ထားသည်။ (Irrawaddy 200411) Read More...
- မြန်မာ့ တပ်မတော်အတွင်း မျိုးချစ်တပ်မတော်သားများ ကွန်ရက် ဖွဲ့စည်းသည်ဆိုသည့် သတင်းထွက်ပေါ်လာမှုကြောင့် အငြိမ်းစား တပ်မတော် အရာရှိများသည် နယ်မြေခံအာဏာပိုင်များ၏ စုံစမ်းစောင့်ကြည့်ခြင်းခံနေကြရကြောင်း မရမ်း ကုန်းမြို့နယ်တွင်နေထိုင်သူ အငြိမ်းစားဗိုလ်မှူးကြီးတစ်ဦးက ပြောသည်။ (Irrawaddy 200411) Read More...

- သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် တောဆန်မြို့နယ်တွင် မြန်မာစစ်အစိုးရစစ်တပ်မှ ဒေသခံရွာသားများကို SSA တပ်မဟာ (၁) နှင့်ပတ်သက်ဆက်သွယ်မှုလုပ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးရိုက်နှက်မှုများရှိနေကြောင်း ဒေသခံတစ်ဦး က ပြော သည်။ (BBC 210411) Read More...
- ရှမ်းပြည်မြောက်ပိုင်းအခြေစိုက် ကချင်ပြည်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) တပ်မဟာ (၄) နှင့် မြန်မာအစိုးရတပ်တို့ကြား စစ်ရေး ပြင်ဆင်မှုများတိုးချလာခြင်းကြောင့် တိုက်ပွဲဖြစ်မည့်အခြေအနေသို့ ဦးတည်နေကြောင်း KIA အရာရှိများက ပြောသည်။ (KNG 210411) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA နှင့် အစိုးရစစ်တပ်အကြား တိုက်ပွဲများဖြစ်ပွားပြီးနောက်ပိုင်း မြန်မာတပ်မှူးများ၊ ဗျူဟာမှူးများ အတွက် လုံခြုံရေးတိုးမြှင့်ချထားသည့်အပြင် မြို့တွင်း၌လည်း စစ်သားများသိပ်မတွေ့ရတော့ကြောင်း တန့်ယန်းဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 210411) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA မှ ချုံရိ ပစ်ခတ်ပါက ပေါ်တာထမ်း အမျိုးသားများနှင့် အမျိုးသမီးများကို မိမိတို့ ပြုလို ရာပြုနိုင်ကြောင်း စစ်အစိုးရသစ်တပ်မှပြောကြောင်း တန့်ယန်းရောက် ပေါ်တာအဆွဲခံရသူနှင့် အမျိုးတော်စပ်သူ တစ်ဦးက ပြောသည်။ (S.H.A.N 220411) Read More...

## နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ကရင်ပြည်နယ်ရှိ နယ်ခြားစောင့်တပ် BGF ၏ အကြံပေးပုဂ္ဂိုလ် စောချစ်သူက မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာများမှ တာဝန်ရှိ သူများကို ဧပြီလ ၈ရက်နေ့က ရွှေကုက္ကိုရွာတွင် ခေါ်ယူကာ တပ်သားသစ် (၇၅) ဦး တောင်းခံထားကြောင်း ဒေသခံများက ပြောသည်။ (KIC 190411) Read More...
- ကရင်ပြည်နယ် မြဝတီမြို့ နယ်စပ်ဒေသရှိ နယ်ခြားစောင့်တပ် (၁၀၁၆) မှ တပ်ဖွဲ့ဝင် (၁၂) ဦးသည် လက်နက်ကိုယ်စီဖြင့် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၇) ထံသို့ ဧပြီ (၂၁) ရက်နေ့က ထွက်ပြေးလွတ်မြောက်လာခဲ့သည်ဟု တပ်မဟာမှူး ဗိုလ်မှူးချုပ်စောဂျော်နီက ပြောသည်။ (KIC 220411) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- မြန်မာပြည်သူတစ်ရပ်လုံးမိမိတို့ လိုအပ်ချက်များ ပြည့်ဝရေးအတွက် ယုံကြည်မှု ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းကြစေလို ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (RFA 170411) Read More...
- မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့ ဧပြီလ ၁၇ ရက်မှ စတင်ကာ အမျိုးသား ဒီမိုကရေစီ အဖွဲ့အချုပ် (NLD) အပါအဝင် မြန်မာပြည်တွင်းရှိ ဒီမိုကရေစီရေး တက်ကြွသူများက ဦးဆောင်ကာ နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေး လက်မှတ်ထိုး တောင်းဆိုသည့် လှုပ်ရှားမှုကို စတင်လိုက်သည်ဟု NLD ခေါင်းဆောင် ဦးဝင်းတင်က ပြောသည်။ (Irrawaddy 180411) Read More...
- သမ္မတ ဦးသိန်းစိန် မိန့်ခွန်းထဲတွင် ပြောခဲ့သည့်ကတိများထဲမှ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အချက်များကို စတင်အကောင်အထည်ဖော် လုပ်ဆောင်ရန် တိုက်တွန်းစာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဧပြီလဆန်းပိုင်း ကတည်းက ပေးပို့ခဲ့သော်လည်း ယခုချိန်ထိ အကြောင်းပြန်ခြင်းမရှိသည့်အတွက် စစ်အစိုးရ၏လုပ်ရပ်ကို NLD က ပြစ်တင်ဝေဖန်လိုက်သည်။ (VOA 200411) Read More...
- ယခုရက်ပိုင်းအတွင်း သမ္မတဦးသိန်းစိန်ထံ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် ဝိုင်းဝန်းတောင်းဆိုသည့်စာကို မိမိ လက် မှတ်ရေးထိုးပြီးပြီ ဖြစ်ကြောင်း RFA မှ ထုတ်လွှင့်နေသော 'လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည်' အစီအစဉ်တွင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (RFA 220411) Read More...

- အမေရိကန် ပြည်ထောင်စုတွင် ဧပြီ ၂၁ ရက်နေ့ထုတ် ကမ္ဘာကျော် Time မဂ္ဂဇင်းကြီး၏ ၂၀၁၁ ခုနှစ်အတွက် ဩဇာအကြီးမားဆုံး လူပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်သူတစ်ဦးအဖြစ် ဖော်ပြထားသည်။ (RFA 220411) [Read More...]
- အရပ်သားပြောင်း အစိုးရသစ်ကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အရှိတရားအဖြစ် ရှုမြင်ခြင်းသာဖြစ်ပြီး တရားဝင်အသိအမှတ်ပြုခြင်း မဟုတ်ကြောင်း ဧပြီ ၂၂ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်တွင် ပြုလုပ်သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ အစည်းဝေးတွင် ပြောကြားလိုက်သည်ဟု ကော်မတီဝင် ဦးဉာဏ်ဝင်းက ပြောသည်။ (VOA 220411) [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- နယ်ခြားစောင့်တပ်ကိစ္စကြောင့် မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကြား ၁၉၉၄ ငြိမ်းချမ်းရေး စာချုပ်ပျက်ပြယ်သွားပြီးနောက် နှစ်ဖက်ကြားငြိမ်းချမ်းရေး စာချုပ်သစ် ထပ်မံပြုလုပ်နိုင်ရန် ကချင်သိက္ခာတော်ရဆရာတော် ဒေါက်တာ ဆဘွဲ့ဂွမ်က ကြိုးပမ်းနေသည်ဟု ဆရာတော်နှင့် နီးစပ်သူများက ပြောသည်။ (KNG 170411) [Read More ...]
- ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ကို စစ်ရေးဖြင့် ပစ်မှတ်ထား ဖြေရှင်းသည့်နောက်တွင် အစိုးရသစ်က မွန်ပြည်သစ်ပါတီ NMSP ကိုလည်း စစ်ရေးအရ ပစ်မှတ်ထားလာနိုင်ကြောင်း NMSP ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ရွှေသိန်းက ပြောသည်။ (IMNA 180411) [Read More...]
- အပစ်ရပ်စဲရေးအတွက် စိန်ကျော့ပြည်သူ့စစ်တပ်ဖွဲ့ခေါင်းဆောင်အား ရမခ တိုင်းမှူးကစေလွှတ်ဆွေးနွေးခိုင်းသော်လည်း တပ်အင်အား ဖြည့်တင်းမှုမရပ်စဲသည့်အပြင် သျှမ်းပြည်အလယ်ပိုင်း၊ တောင်ပိုင်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသေးကြောင်း သျှမ်းပြည် တပ်မတော် SSPP/SSA မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ (S.H.A.N 180411) [Read More...]
- မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီ အစည်းအဝေးတစ်ရပ်ကို ဌာနချုပ် တည်ရှိရာ ရေးချောင်းဖျားတွင် (၈) ရက်ကြာ ကျင်းပခဲ့ပြီး သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ်ဘက်မှအပစ်အခတ်ရပ်စဲရေးကိစ္စ တွေ့ဆုံဆွေးနွေးရန်ရှိလာပါက တပ်ပေါင်းစုအနေဖြင့်သာ ပြုလုပ်သွားမည်ဟု ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်တလညီက ပြောကြားလိုက်သည်။ (NMG 180411) [Read More ...]
- သင်္ကြန်အတက်နေ့နှင့်နှစ်သစ်ကူးနေ့က တန့်ယန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ဗမာစစ်တပ်နှင့်သျှမ်းပြည်တပ်မတော် SSPP/SSA အကြားတိုက်ပွဲတွင် တပ်ရင်းမှူးအပါအဝင် ဗမာစစ်တပ်ဘက်မှ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 190411) [Read More...]
- ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (SSA-N) အဖွဲ့သည် ညီညွတ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (UNFC) မှ နုတ်ထွက် စာတင်သည်ဆိုသည့်သတင်းသည် မဟုတ်မှန်ကြောင်း SSA-N ကိုယ်စားလှယ် ဗိုလ်မှူးကြီးပိန်ဖက ငြင်းဆိုသည်။ (RFA 210411) [Read More...]
- အစိုးရသစ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တိုင်းရင်းသားတစ်ဖွဲ့ချင်း ဆွေးနွေးမည်မဟုတ်ပဲ တိုင်းရင်းသား အားလုံးပါဝင်ဆွေးနွေးရန်ကိုသာ မူဝါဒချမှတ်ထားကြောင်း UNFC ခေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီအဖွဲ့၏ အတွင်းရေးမှူး နိုင်ဟံသာက ပြောဆိုလိုက်သည်။ (RFA 210411) [Read More...]

## (ဂ) ပြည်ပအင်အားစုများ

- မြန်မာ နှစ်ဆန်းတရက်နေ့နှင့်တိုက်ဆိုင်၍ အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့ရှိ မြန်မာနိုင်ငံသားများ စုပေါင်း ကာ မြန်မာနိုင်ငံ အပါအဝင် တကမ္ဘာလုံး ငြိမ်းချမ်းကြရေးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွတ်မြောက်ရေးအတွက်ရည်စူးပြီး ဌက်ဘေးမဲ့လွှတ်ပွဲ၊ မီးပုံးပျံပေါင်း လွှတ်ပွဲနှင့် နှစ်သစ်ကူး ဆုတောင်းပွဲများကို ကျင်းပခဲ့ကြောင်း ပွဲစီစဉ်သူတစ် ဦးဖြစ်သည့် ကိုအောင် မြင့်ထွန်းက ပြောသည်။ (RFA 170411) [Read More...]
- မြန်မာနိုင်ငံတွင် အစိုးရသစ်တက်လာခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေး လစ်လျူရှုခံနေရဆဲ၊ ကုသခွင့်များ ဆုံးရှုံးနေဆဲဖြစ်ပြီး အရေးတကြီး ဆေးဝါးကုသရန် လိုနေသူများရှိနေသည့်အတွက် အလွန် စိုးရိမ်းစရာ

ဖြစ်နေသည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP-B) က ဧပြီ ၁၈ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (BBC 180411) Read More...

- မြန်မာ့တပ်မတော်တွင် လက်ရှိတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သားအချို့ ဦးဆောင်၍ လျှို့ဝှက်ဖွဲ့စည်းလိုက်သည့် မျိုးချစ်တပ်မတော်သားများ ကွန်ရက်ကို ထောက်ခံကြိုဆိုကြောင်းနှင့် တပ်မတော်သားများ အားလုံးအနေဖြင့်လည်း ထိုကွန်ရက် တွင် ပူးပေါင်းပါဝင်ကြရန် ဗြိတိန်အခြေစိုက် မြန်မာ့ဒီမိုကရေစီအင်အားစု ( Burma Democratic Concern ) အဖွဲ့က တိုက်တွန်း နှိုးဆော်လိုက်သည်။ (RFA 190411) Read More...
- အမေရိကန်ရောက် မြန်မာနိုင်ငံသားများက ပေးအပ် ချီးမြှင့်သည့် ဒုတိယအကြိမ်မြောက် ပြည်သူ့ဝဇီရည်ဆုအတွက် အမည်စာရင်း အဆိုပြုခံရသူ ရဟန်းရှင်လူ ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်း စုစုပေါင်း၂၀ ထဲမှ ဆန်ခါတင် ၅ ဦး သတ်မှတ်ရွေးချယ်ရေး အစီအစဉ်ကို အမေရိကန်ပြည်ထောင်စုတဝှမ်းရှိ မြန်မာမိသားစုများအကြား စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆုပေးပွဲကျင်းပရေး ကော်မတီဝင် စာရေးဆရာ ဦးထိန်လင်းက ပြောသည်။ (RFA 190411) Read More...

## နိုင်ငံရေးပါတီများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- မြောက်ကိုးရီးယားနိုင်ငံကို တည်ထောင်ခဲ့သူ မစ္စတာ Kim Il-Sung ၏ ဧပြီလ ၁၅ ရက် မွေးနေ့ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပရာ စစ်တပ် နောက်ခံပြု အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီ၏ နိုင်ငံတကာ ဆက်ဆံရေးဌာန အကြီးအကဲက ၎င်းနိုင်ငံ၏ ခေါင်းဆောင်ပိုင်းကို ချီးကျူးပြောဆိုခဲ့ကြောင်း အစိုးရပိုင် ကိုးရီးယား ဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ (Mizzima 200411) Read More...
- ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်ပိုင်းကို ပြန်လည်ဖွဲ့စည်းတော့မည် ဖြစ်ရာ စက်မှု ၁ ဝန်ကြီးဟောင်း ဦးအောင်သောင်းနှင့် စာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးသိန်းဇော် ဖြစ်လာဖွယ် ရှိကြောင်း ပါတီတာဝန်ရှိသူများက ပြောသည်။ (Mizzima 200411) Read More...
- ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ဆင်ခုံးတိုင်ကျေးရွာအုပ်စုအတွင်း မွတ်ဆလင်အများစု နေထိုင်သည့် လွမ်းတောင်ကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP စည်းရုံးရေးမှူး ကိုသိန်းကျော် ဦးဆောင်သည့်အဖွဲ့သည် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP ဝင်များကို ရိုက်နှက်လုယက်မှု၂ ကြိမ်ပြုလုပ်ခဲ့သဖြင့် သက်ဆိုင် ရာကို တိုင်ကြားခဲ့သော်လည်း အရေးယူမှုအားနည်းနေသည်ဟု RNDP ရသေ့တောင်မြို့နယ် ဥက္ကဋ္ဌ ဦးလှမြင့်က ပြော သည်။ (DVB 220411) Read More...

## အခြားပါတီများ

- မူးယစ်ဆေး စိုက်ပျိုးသုံးစွဲမှု ပပျောက်ရေးကို ကချင်ပြည်နယ်အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်ရန် ပြည်နယ်တွင်း ရွေးကောက် ပွဲဝင်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင် ပြည်နယ် (စဒက) နှင့် အမျိုးသားဒီမိုကရေစီ အင်အားစု NDF ပါတီတို့က ပြည်နယ်အစိုးရကို တိုက်တွန်းပြောဆိုလိုက်သည်။ (Mizzima 190411) Read More...
- ကချင်ပြည်နယ် မြစ်ကြီးနားအခြေစိုက် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ–ကချင်ပြည်နယ် (UDPKS) က "တော်ဝင်မနော သစ္စာ" အလုပ်သမားရှာဖွေရေး ကုမ္ပဏီ တည်ထောင်ကာ စီးပွားရေး လုပ်ကိုင်နေပြီဖြစ်ကြောင်း ကုမ္ပဏီ စီမံအုပ်ချုပ်ရေး ဒါရိုက်တာ ဦးခင်မောင်လှမှ ပြောသည်။ (KNG 190411) Read More...
- ရွေးကောက်ပွဲ ၌ဝင်ရောက် ယှဉ်ပြိုင်အနိုင်ရခဲ့သော တိုင်းရင်းသား ပါတီ ၅ ခုသည် လာမည့် တပတ်တွင် ဆွေးနွေးပွဲတရပ် ပြုလုပ်၍ နိုင်ငံရေးအကျဉ်းသား အားလုံးခြွင်းချက်မရှိ လွှတ်ပေးရေးနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးပြုလုပ် ရန်တို့ကို အစိုးရသစ်ထံ တောင်းဆိုသွားမည်ဖြစ်ကြောင်း ပါတီခေါင်းဆောင်များက ပြောသည်။ (Irrawaddy 220411) Read More...

- မြန်မာနိုင်ငံတွင် စစ်မှန်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဖြစ်ပေါ်လာရန် လက်မှတ်ထိုး မေတ္တာရပ်ခံစာပေးပို့သည့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ သဘောထားကို သမ္မတသစ် ဦးသိန်းစိန်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက ပြောကြားလိုက်သည်။ (RFA 230411) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- ပြည်သူများအတွက် လိုအပ်နေသည့် လူမှုရေးလုပ်ငန်းများကို အစိုးရကိုယ်တိုင်က အစစအရာရာတာဝန်ယူလုပ်ဆောင်ပေးရန် ဦးကျော်သူက တိုက်တွန်းပြောကြားလိုက်သည်။ (DVB 230411) Read More...

## ဘာသာရေးအဖွဲ့အစည်းများ

- မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ယနေ့ကြေညာချက်ထုတ်ပြန်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် မြန်မာနိုင်ငံအတွက် မဖြစ်မနေလိုပ်သည့်အတွက် "အမျိုးသားပြန်လည် စေ့စပ်ညှိနှိုင်းဆွေးနွေးအဖြေရှာရေးကော်မတီ" တစ်ရပ်အား မဖြစ်မနေဖွဲ့စည်း၍ တိုင်းပြည်၏အကျပ်အတည်းမျိုးစုံကို အလျင်အမြန်ဖြေရှင်းကြရန် တောင်းဆိုလိုက်သည်။ (BBC 230411) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- **မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံသည် ASEAN ဒေသတွင်းဦးဆောင်မှုနေရာ ယူလာမည့်ကိစ္စ ကို အမေရိကန် ပြည်ထောင်စုက စိုးရိမ်မကင်းဖြစ်ရကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ မာ့ခ် တိုနာ (Mark Toner) က ပြောကြားလိုက်သည်။ (VOA 190411) Read More...**
- **လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတို့တွင် အမည်ဆိုးရှိသည့် မြန်မာနိုင်ငံသည် လာမည့် ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဆိုပါက အတူတကွ အလုပ်မလုပ်လိုကြောင်း အမေရိကန်အစိုးရက ပြောဆိုလိုက်သည်။ (Irrawaddy 200411) Read More...**
- **မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ညှိနှိုင်းဆောင်ရွက်ရေး အထူးကိုယ်စားလှယ်တစ်ဦး ခန့်ထားရန် အမေရိကန် သမ္မတက အဆိုပြုရွေးချယ် လိုက်ခြင်းသည် မြန်မာနိုင်ငံအရေးတွင် အမေရိကန်အစိုးရ၏ ဆောင်ရွက်ချက်များကို နောက်ထပ်အဆင့် တစ်ဆင့် မြှင့်တင်လိုက်ခြင်း ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Mark Toner က ဧပြီ ၁၉ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 200411) Read More...**
- **မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို ပြန်လွှတ်ပေးရန် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး Albert del Rosario က မြန်မာ နိုင်ငံခြားရေး ဝန်ကြီးသစ် ဦးဝဏ္ဏမောင်လွင်ကို တောင်းဆိုခဲ့ကြောင်း ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး ဌာနက ဧပြီ ၁၉ ရက် နေ့က ပြောကြားလိုက်သည်။ (RFA 200411) Read More...**
- **ကနေဒါအစိုးရအနေဖြင့် နှစ်ပေါင်းများစွာအတွင်း ပထမဆုံး ခန့်အပ်လိုက်သည့် မြန်မာသံအမတ်သစ် ဦးကျော်ထင်မှ တဆင့် မြန်မာ နိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုအခြေအနေများကို ဖိအားပေးသွားမည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက်နေ့ တွင် ကနေဒါ ဘုရင်ခံချုပ် David Johnston က ပြောကြားလိုက်သည်။ (Mizzima 210411) Read More...**

### (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- **အမေရိကန်ပြည်ထောင်စု၏ သမ္မတအိုဘားမား အဆိုတင်သွင်းထားသူ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက် မစ်ချဲလ် (Derek Mitchell) သည် မြန်မာနိုင်ငံအပြင် ဒေသတွင်း အခြေအနေများနှင့်ပတ်သက်၍ နှံ့စပ်နားလည်**

သူဖြစ်သောကြောင့် သမ္မတ အိုဘားမား၏ ဆုံးဖြတ်ချက် မှန်ကန်ကြောင်း အမေရိကန် အခြေစိုက် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ (USCB) က ကြိုဆိုပြောကြားလိုက်သည်။ (VOA 180411) Read More...

- အာရှတွင် မဟာဗျူဟာလမ်းဆုံနေရာသို့ ရောက်ရှိနေသော မြန်မာနိုင်ငံအနေနှင့် နိုင်ငံအားလုံး၏ အာရုံစိုက်မှုနှင့်အတူ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်လာရဖွယ်ရှိကြောင်း စာရေးဆရာကိုကိုလှိုင်(နိုင်ငံတကာရေးရာသုတေသီ)က ဧပြီ ၉ ရက်နေ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြုလုပ်သော ဟောပြောပွဲတွင် ပြောကြားလိုက်သည်။ (Popular News 220411) Read More...

---

***End of report/ Saturday, April 23, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---